# ဖျာလိပ်ထမ်းတဲ့ည

စေတန်(နတ်ဆိုး)

# ဖျာလိပ်ထမ်းတဲ့ ညဲ

ညောင်းကုန်းဆိုတဲ့ ရွာလေးတစ်ရွာမှာ အရမ်းချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက် ရှိပါတယ် မင်းအောင် ကျော်မိုးတဲ့ သူတို့ နှစ်ယောက်က စိတ်တူကိုယ်တူ ဘာလုပ်လုပ် အတူတူပါ အရက်မူးတော့လည်း အတူတူ ဆိုးပေတေ နေတော့လည်း သူတို့ နှစ်ယောက် အတူတူပါပဲ တစ်နေ့တော့ မင်းအောင်နဲ့ ကျော်မိုးတို့ အရက်သောက်နေတုန်း ညိုကြီးတို့ အရက်သမားအဖွဲ့ပါ ရောက်လာတာပေါ့။

ညိုကြီးက သူများကို မခံချင်အောင် ပြောတဲ့ နေရာမှာ နှစ်ယောက်မရှိဘူး ညိုကြီး ရောက်ရောက်ခြင်းပဲ မင်းအောင်နဲကျော်မိုးနား သွားပြီး စကား စလာပါတော့တယ်။

''ဟေ့ကောင်တွေ မင်းတို့ နှစ်ယောက်နဲ့ အရက် ပြိုင်သောက်မယ် ကွာ ငါစိန်ခေါ်တယ်''

ဟိုနှစ်ကောင်ကလည်း ဆတ်ဆတ်ထိ မခံတွေလေ

''ကြာသလားလို့ ညိုကြီးရယ် လာခဲ့ အခုသောက်မယ်''

သူတို့ တွေ အရက်ပြိုင်သောက်တာ ညိုကြီး ရှုံးသွားပါတော့တယ်။

''ငါရှုံးသွားပြီကွာ ဒါနောက်ဆုံး စိန်ခေါ်တာပဲ''

''ပြောကွာ ထပ်ပြိုင်မယ်''

'''မင်းတို့ နှစ်ယောက်  ငါတို့ ရွာရဲ့ အနောက်ဘက်ကုန်းမှာ ရှိတဲ့ ညောင်ကုန်းသင်္ချိုင်းထဲကို ဖျာလိပ်ထမ်းပြီး သွားရဲရင် မင်းတို့ သောက်သမျှ အရက်ဖိုးကို ငါနေ့တိုင်း ရှင်းပေးမယ်''

အရင်က သင်္ချိုင်းထဲမှာ ဖျာလိပ်ထမ်းပြီး သွားတယ်ဆိုတာ အရမ်း အန္တရာယ်များ တဲ့ အလုပ်ပါ  ဘာဖြစ်လို့ လဲဆိုတော့ ဖျာလိပ်ထမ်းပြီး သင်္ချိုင်းထဲကဖြတ်ပြီဆိုရင် အကောင်သေးသေးလေးနဲ့ မှ င်စာ ဆိုတဲ့ တစ္ဆေတွေက လူကို မှောက်လည်း အောင်လုပ် အသက်ပါနုတ်တတ်တာပါ  မင်းအောင်နဲ့ ကျော်မိုးကလည်း သိပေမဲ့ ဘယ်တော့မှ အရှုံးမပေးတတ်တဲ့ လူမျိုးတွေလေ

''ကဲ  လောင်းမယ် ညိုကြီး ငါတို့ လက်ခံတယ်''

''ကောင်းပြီလေ  မင်းတို့ ဘယ်တော့ သွားမှာ လဲ''

''ဒီညပဲ သွားမယ်ကွာ  မင်းတို့ အဖွဲ့ သင်္ချိုင်းစပ်မှာ စောင့်ကြည့် နေလိုက်''

မူးမူးရူးရူးနဲ့  ညိုကြီး ပြောသမျှကို အကုန် လက်ခံခဲ့တာပေါ့ ။

မင်းအောင်နဲ့ ကျော်မိုးတို့ ဒီညတော့ မူးနေကြပီပေါ့ဗျာ  ည တစ်ချက်ထိုးလောက်မှာ မင်းအောင်နဲ့ ကျော်မိုးတို့ ညောင်ကုန်းရွာရဲ့ သင်္ချိုင်းထဲကို ဖျာလိပ်ထမ်းပြီးတော့ သွားပါတော့တယ်  သူတို့ သွားနေတုန်းမှာလည်း အူလိုက်တဲ့ ခွေးတွေ ဆိုတာ ကြောက်စရာ ကောင်းလောက်တယ်  မင်းအောင်နဲ့ ကျော်မိုးက  ဘာမှ မသိတော့  လူမှန်းမသိအောင် မူးနေတာကို  သူတို့ နှစ်ယောက်ကတော့  ညိုကြီးကို အနိုင်ယူချင်တာရယ် မခံချင်တဲ့ စိတ်တွေရယ် ပေါင်းပြီးတော့ လမ်းလျှောက် လာလိုက်တာ ညောင်ကုန်းရွာရဲ့ သင်္ချိုင်းစပ်ကို ရောက်လာခဲ့ပါပြီ  နောက်မှာ ညိုကြီးတို့ အဖွဲ့ကလည်း ကြောက်ကြောက် လန့်လန့်နဲ့ လိုက်လာခဲ့တာပေါ့ ။

''ဟော့ကောင်တွေ ငါတို့ သင်္ချိုင်းထဲ ဝင်သွားတာကို သေချာကြည့် အရက်ဖိုး ရှင်းဖို့ သာ ပြင်ထားပေတော့ကွာ''

''အေးပါကွ ငါတို့ ကြည့်နေတယ်''

ဒီလိုနဲ့ မင်းအောင်နဲ့ ကျော်မိုးတို့ ဖျာလိပ်ကြီးကိုထမ်းပြီး သင်္ချိုင်းထဲ ကို ဝင်သွားပါတော့တယ် နှစ်ယောက်လုံးကသာ လူမှန်းမသိအောင် မူးနေတာ ကြောက်စိတ်ကြောင့်လားတော့ မသိဘူး သူတို့ နှစ်ယောက် လုံး အရက်ရှိန်ပြေသလိုလိုတော့ ရှိနေပါပြီ

''မင်းအောင် ငါတို့ သင်္ချိုင်းထဲကို ရောက်နေပြီနော်''

''အေး ငါသိတယ် ဘာဖြစ်မလည်း တော့ မသိဘူး သတိဝီရိယနဲ့ နေ'' ဒီလိုနဲ့ စကားပြောရင်း သွားလိုက်တာ သင်္ချိုင်းအဆုံးကို ဘာမှ မ ဖြစ်ပဲ မင်းအောင်နဲ့ ကျော်မိုး ရောက်သွားပါတယ်။

''ကျော်မိုး သင်္ချိုင်းအဆုံးတော့ ရောက်ပြီ ဒီတစ်ခါ ငါတို့ လုပ်နိုင်ရ င်နိုင်ပြီ''

''အေး ဟုတ်တယ်''

မင်းအောင်နဲ့ ကျော်မိုး မှာ တော့ ကြောက်သလိုလို ပျော်သလိုလိုနဲ့ ရ င်ထဲမှာ တော့ ဗလောင်ဆူနေတာပေ့ါဗျာ မင်းအောင်နဲ့ ကျော်မိုး ဖျာလိပ်ထမ်းပြီး သင်္ချိုင်းအပြင်ကို ပြန်ထွက်မယ် အလုပ်

''ဟ ဟ ဘာကောင်လဲဟ''

''မင်းအောင် ဘာဖြစ်တာလဲ''

''ဘာကောင်လဲမသိဘူး ငါ့ခြေထောက်ကို လာရစ်နေတာ''

''ဘာမှ မရှိပါဘူးကွာ မင်းအမြင်မှားတာ နေမှာ ပါ''

ဒီတစ်ခါတော့ ဖျာလိပ်ထမ်းထားတဲ့ ကျော်မိုး မှ င်စာ ဆိုတာနဲ့ စတင် ကြုံတွေ့ရပါတော့တယ် ကျော်မိုး ဖျာလိပ်ထမ်းထားတုန်း

''မင်းအောင် ငါ ထမ်းထားတဲ့ ဖျာလိပ်ထဲမှာ မှ င်စာလား မသိဘူး အသံသေးသေးလေးနဲ့ ရယ်နေတဲ့ အသံ ကြားနေရတယ်''

''ငါလည်း ကြားတယ် ကျော်မိုးရဲ့ ''

သင်္ချိုင်းထဲကနေ နှစ်ယောက်လုံး ထွက်ပြေးမယ် ဆိုတော့လည်း မပြေးရဲ ဘေးပတ်ပတ်လည် အမှောင်တိ ပြေးရင်တော့ အုတ်ဂူတွေ မြေပုံတွေနဲ့ တိုက်မိပြီး လဲကျမှာ အသေချာပါပဲ မှုန်ပျပျလရောင် အောက်မှာ ညောင်ကုန်းရွာရဲ့ သင်္ချိုင်းထဲမှာ တော့ ကျော်မိုးနဲ့ မင်းအောင်တို့ ကြောင့် နာနာဘာဝတွေ သက်ဝင်လှုပ်ရှား နေကြပြီပေါ့ဗျာ။